# 1 ယာဉ်မောင်းလိုင်စင်

## 1-5 ယာဉ်မောင်းလိုင်စင်သက်တမ်း၊ လိပ်စာပြောင်း

### (1) ယာဉ်မောင်းလိုင်စင်သက်တမ်းကာလနှင့် သက်တမ်းကုန်ဆုံးခြင်း

ယာဉ်မောင်းလိုင်စင်၏သက်တမ်းကာလသည် လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ သုံးကြိမ်မြောက်မွေးနေ့၏ နောက်တစ်လအထိဖြစ်သည်။ ထို့နောက်ပိုင်းတွင် လိုင်စင်ကိုင်ဆောင်ထားသောကာလနှင့် ယာဉ်စည်းကမ်း ဖေါက်ဖျက်မှု ရှိမရှိကိုကြည့်ပြီး ၃နှစ် သို့မဟုတ် ၅နှစ်အလိုက် သက်တမ်းတိုးရန်ဖြစ်သည်။ သက်တမ်းတိုးရန်အချိန်နီးကပ်လာလျှင် "ယာဉ်မောင်းလိုင်စင် သက်တမ်း တိုးရန်အသိပေး (ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးအသိပေးနှိုးဆော်စာ)" ပို့စကတ် စာတိုက်မှရောက်ရှိလာမည်ဖြစ်ပြီး (လိပ်စာ ပြောင်းထားလျှင် ရဲခစန်းတွင်လည်း လိပ်စာပြောင်းခြင်းကို သတင်းပို့မထားခဲ့လျှင် သက်တမ်းတိုးအသိပေးပို့စကတ် ရောက်ရှိလာမည်မဟုတ်ပါ) ညွှန်ကြားထား သော ယာဉ်မောင်းလိုင်စင်စင်တာ သို့မဟုတ် ရဲဌာန၌ သက်တမ်းတိုး လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါမည်။ သက်တမ်းတိုးရာတွင် သင့်လျော်မှုစစ်ဆေးခြင်း နှင့် သက်တမ်းတိုးချိန်သင်တန်းကို တက်ရောက်ရမည်ဖြစ်သည်။

သက်တမ်းတိုးရန်မေ့လျော့ခဲ့လျှင် ယာဉ်မောင်းလိုင်စင်သက်တမ်းကုန်ဆုံး (အကျုံးမဝင်) မည်ဖြစ်ပြီး နောက်ထပ်တဖန် လိုင်စင်စာမေးပွဲကို ပြန်ဖြေဆိုရပါလိမ့် မည်ဖြစ်၍ သတိထားရန်လိုအပ်ပါသည်။

### (2) လိပ်စာပြောင်းသွားပါက

လိပ်စာပြောင်းသွားလျှင် ယာဉ်မောင်းလိုင်စင်၌ရေးထားသော နေရပ်လိပ်စာကိုပြောင်းရန် လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ လိပ်စာသစ် ကို သက်သေခံနိုင်မည့်အရာ (နေထိုင်သူမှတ်တမ်း၊ ကျန်းမာရေးစောင့်ရှောက်မှုအာမခံကတ် စသည့်) ကို ကိုင်ဆောင်ကာ နေအိမ်သစ်လိပ်စာကို ရဲဌာန သို့မဟုတ် ယာဉ်မောင်းလိုင်စင်စင်တာတို့တွင် လိပ်စာပြောင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်ပါ။